## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၏ နိုင်ငံခြားသားကျွမ်းကျင်သူဝန်ထမ်းခန့်ထားမှုရှင်းလင်းတင်ပြခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အနေဖြင့် ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသားကျွမ်းကျင်သူဝန်ထမ်းခန့်ထားခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၁၃)ပုဒ်မ ၅၁(က) နှင့် နည်းဥပဒေအခန်း(၂၀) အပိုဒ် ၂၀၆ တို့အရ ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ခန့်ထားနိုင်ပါသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေငြာချက်၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံခြားသား ကျွမ်းကျင် သူဝန်ထမ်း ခန့်ထားခွင့် လျှောက်ထားရာတွင် မြန်ဆန်ရေး၊ ရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ဖြစ်စေရေး၊ စနစ်တကျရှိစေရေး နှင့် ပွင့်လင်း မြင်သာမှုရှိစေရေးအတွက်ဖြစ်ပါသည်။

၂။ ကော်မရှင်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ နိုင်ငံခြားသားပညာရှင်အား ခန့်ထားခွင့်၊ ဗီဇာ သက်တမ်းတိုးခွင့်များအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနေသော်လည်း အချို့ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက် ရယူခြင်းမရှိဘဲ မိမိအစီအစဉ်ဖြင့် နိုင်ငံခြားသားပညာရှင်များ ခန့်ထားပြီး ဗီဇာသက်တမ်း ကုန်ခါနီး (သို့မဟုတ်) ဗီဇာသက်တမ်း ကုန်လွန်ပြီး မှသာ ကော်မရှင်သို့ ခန့်ထားခွင့်လျှောက်ထားလာမှုများကိုလည်း စိစစ်တွေ့ရှိလျှက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအနေဖြင့် ခန့်ထားမည့် နိုင်ငံခြားသားကျွမ်းကျင်သူများ မြန်မာနိုင်ငံသို့ မရောက်ရှိမီ ကြိုတင်၍ သော်လည်းကောင်း၊ ရောက်ရှိပြီး အလုပ်လုပ်ရက် (၇) ရက် အတွင်းသော်လည်းကောင်း မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ တင်ပြပြီး ခန့်ထားခွင့် လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မိမိ ကုမ္ပဏီတွင် ခန့်ထားသော နိုင်ငံခြားသား ကျွမ်းကျင်သူဝန်ထမ်းများကို အလုပ်ခန့်ထားမှု ဆိုင်ရာစာချုပ် သက်တမ်းကုန်ဆုံး၍ သော်လည်းကောင်း၊ သက်တမ်း မကုန်ဆုံးမီ နှုတ်ထွက်လျှင်သော်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အကြောင်းကြား သတင်းပို့ရန် တာဝန်ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများတွင် နိုင်ငံခြားသားကျွမ်းကျင်သူများ ခန့်ထားခွင့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်း ထားပြီးဖြစ်သဖြင့် ကုမ္ပဏီများအနေဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၄။ နိုင်ငံခြားသားကျွမ်းကျင်သူ ဝန်ထမ်းများခန့်ထားမှုနှင့် စပ်လျဉ်း၍ ကြေငြာချက်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေများအရ ခန့်ထားမည့် နိုင်ငံခြားသား ကျွမ်းကျင်သူပညာရှင်များ အတွက်သာ သက်ဆိုင် ကြောင်း အခြားကိစ္စရပ်များနှင့် မသက်ဆိုင်ကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။